# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

## MYANMAR GARMENT MANUFACTURERS ASSOCIATION

UMFCCI - 9th Floor, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon

☎: 95-1-2300253, 95-1-2314829    Fax: 95-1-2314829    ✉: mgma@myanmargarments.org


ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်

သို့

ပိုင်ရှင်/ MD / ဒါရိုက်တာ / မန်နေဂျာများ
အသင်းဝင် / ကုမ္ပဏီလုပ်ငန်းရှင်များအားလုံး

အကြောင်းအရာ။ ။ **သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအား အလှူငွေများ လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော် မေတ္တာရပ်ခံခြင်း။**

၁။ မိုးသည်းထန်စွာရွာသွန်းမှုများ နှင့် မြစ်ရေကြီးခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ အချို့ဒေသများတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိပြီး ယင်းဒေသများတွင်ရှိသော ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ များစွာလိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် အကူအညီ လိုအပ်နေသော ပြည်သူများအတွက် အသင်းသူ/အသင်းသား များနှင့် အလှူရှင်များမှ လှူဒါန်းခဲ့ကြသော အလှူငွေများထဲမှ (Phase I ) ၏ "လက်ကမ်းအလှူ ပက်ကေ့ချ်" အစီအစဉ်ဖြင့် ငွေကျပ် သိန်း (၁၀၀၀) မတည်ကာ အိမ်ထောင်စု (၁၀၀၀)အတွက် ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ ပဲ၊ ငါးခြောက်၊ ဒန်အိုး၊ ဒယ်အိုး၊ ဇလုံ၊ ဖွန်း စသည့် အခြေခံ လူသုံးကုန် နှင့် စားသောက်ကုန် (စုစုပေါင်း ၁၉ မျိုး)ကို နေပြည်တော်ရှိ ရေဘေးသင့်ဒေသများ ဖြစ်သော စက်ရုံကျေးရွာ၊ သာယာစုကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ နှင့် ချောင်းကမ်းကြီးကျေးရွာများသို့ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၂၇)ရက် နေ့ နှင့် (၂၈)ရက်နေ့များတွင် သွားရောက်လှူဒါန်းခဲ့ပြီး ရှမ်းပြည်နယ် ၊ ဟိုပုံးမြို့နယ် သဘာဝဘေးအန္တရာယ်ခံစားနေရသော ဒေသများသို့လည်း လှူဒါန်းခဲ့ပါသည်။

၃။ ရေဘေးသင့်ပြည်သူများအနေဖြင့် လတ်တလောလိုအပ်ချက်များဖြစ်သည့် အဝတ်အထည်နှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အလှူရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ရရှိပြီးဖြစ်သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးကူညီနိုင်ရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဒုတိယအဆင့် (Phase II) အနေဖြင့် ပျက်စီး၊ ပြိုလဲနေအိမ်များကို ပြုပြင်ဆောက်လုပ်ရေး လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အသင်းနှင့်အတူ ပံ့ပိုးကူညီနိုင်ရန်အတွက် **အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန်** မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလှူငွေလက်ခံမည့်နေရာ**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(၉)လွှာ ၊ UMFCCI Office Tower ၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၂၃၁၄၈၂၉ , ၀၁-၂၃၀၀၂၅၃ (Ext: ၁၄) ၊ ၀၉-၂၅၀၀၀၃၃၀၄ (ဒေါ်ထီးကြည်နုအောင်)

Bank Account No. 0021 0112 0002 0995 (A Bank – Special Saving)
Myanmar Garment Manufacturers Association

အလုပ်အမှုဆောင်အဖွဲ့